အောင်မြင်
စာပေ

ဂန္ဓီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

ကြိုစကြာ



မဟာရာမော်ဝင်အရပ်

ပန်းချီဒီဇိုင်း

ဒဿနလက်ဆောင်

*

x ကိုယ်ကျင့်တရားသည်
လူ့လောက ငြိမ်းချမ်းသာယာရေးအတွက်
အဓိက လိုအပ်ချက်ဖြစ်သည် ။
ကိုယ့်ကျင့်တရား ပျက်ပြားမှု များ လာသောအခါ
အေးချမ်းသာယာမှုများ လည်း ပျက်သုဉ်းရပေတော့
သည် ။
x လူတန်ဖိုးဆိုတာ
မိမိကိုယ်ကိုမိမိ အမှန်အတိုင်း ရှုမြင်ပြီး
အမှားတွေကို ပြုပြင်နိုင်မှ
တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်မှာ ပါ။
x အနာဂတ်ဆိုတာ
မျှော်လင့်ချက်၊ မျှော်မှန်းချက်ကို
ဖော်ညွှန်းကိုယ်စားပြုတဲ့ စကားပါပဲ။
လူဟာ အသက်ရှင်သမျှကာလပတ်လုံး
မျှော်မှန်းချက်တစ်ခုတော့ ရှိရမှာ ပါ။
(When there is life there is hope.)

x အနာဂတ်မှာ ရှိတဲ့ ရောင်ခြည်သစ်ဆိုတာ
ကိုယ့်ဆီကို လာနေတာ မဟုတ်ဘူး ။
ကိုယ်က လက်ရှိရောက်နေတဲ့
ပစ္စုပ္ပန်ကို စွန့်ခွာပြီး သူ့ဆီကို သွားမှ
ရောင်ခြည်သစ်ရဲ့ အနှစ်သာရကို တွေ့ရမှာ ပါ။
x သင်မလိုချင်လည်း အလကားရနေသောအရာမှာ
အချိန်ဖြစ်သလို...
သင်မပေးချင်လည်း ပေးနေရသောအရာမှာ
အရွယ်ပင်ဖြစ်ပေသည် ။
x ချစ်ခြင်းမေတ္တာဟူသည် ...
နှစ်ယောက်ရှိမှ တင့်တယ်မှုရှိသလို
ကြေကွဲရသည့် အခါမှာ လည်း
နှစ်ယောက်စလုံးအတွက်ဖြစ်ပေသည် ။
x အချစ်မရှိသောသူသည်
အနှစ်မရှိသောသစ်ပင်ကဲ့သို့
တစ်ခုခုကို လို နေသကဲ့သို့
လစ်ဟာမှု ရှိနေတတ်သည် ။
x မျက်ရည်ကျပြုံနှင့် တော့
ချစ်ခြင်းမေတ္တာသည်
လှပလာမည် မဟုတ်ပေ။
မျက်ရည်စက်များ သည်

ကြေကွဲခြင်း၏ ပြယုတ်များ သာဖြစ်ပေသည် ။

x လူမိုက်နှင့် တွေ့လျှင် ၎င်းတို့ မှားယွင်းမှုများကို
သင်ခန်းစာ ယူပါ။

လူတော်များ နှင့် တွေ့လျှင်
၎င်းတို့ အောင်မြင်မှုများကို အတုယူရပါမည်။

ထိုနှစ်ခုကို ဆန့်ကျင်ဘက် မလုပ်မိဖို့
အရေးကြီးလှပါသည် ။

x အခြားသူထံမှ တစ်စုံတစ်ခုရရန်
အမြဲမျှော်လင့်နေသူသည်
ကိုယ်စွမ်းကိုယ်စနှင့် ကြိုးစားရန်အတွက်
အချိန်ဖြုန်းနေခြင်းသာဖြစ်ပေသည် ။

x သင်သည် ပညာမတတ်သော်လည်း
အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်စွာ တတ်မြောက်ပါ
က ပညာတတ်များ ၏ လုပ်ငန်းရှင်တစ်ဦး ဖြစ်နိုင်ပါ
သည် ။

x အခြားသူ ပေးကမ်းသောအကူအညီသည်
ယာယီအထောက်အပံ့သာ ရနိုင်မည်။

မိမိကြိုးစားအားထုတ်မှုမှ ရသောအကျိုးအမြတ်သည်
သာ ထာဝစဉ် အားကိုးရသော အကူအညီ အထောက်
အပံ့ ဖြစ်နိုင်ပါသည် ။

* * *